
11 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၈)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဇူလိုင်အထိ ဖြစ်ပါသည်။




စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် စစ်အာဏာမသိမ်းခင် ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ကျဆင်းနေဆဲဖြစ်သည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဇူလိုင်အထိ ဆယ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံကျော် ဝင်ရောက်ခဲ့သည်။ အောက်တိုဘာပထမပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၃** နှင့် နှိုင်းယှဉ်ပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် များစွာကွာခြားခြင်း မရှိခဲ့ပေ။ တရုတ်နှင့် ဟောင်ကောင်တို့မှလွဲ၍ အခြားနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်တိုးဝင်ရောက်ခြင်း မရှိခဲ့သည်ကို တွေ့ရသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန


11 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၈)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ကာလတူနှိုင်းယှဉ်ချက်

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဇူလိုင်) နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇူလိုင်) တို့အား နှိုင်းယှဉ်ခြင်း ဖြစ်ပါသည်။




နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဇူလိုင်) နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇူလိုင်) အား ကာလတူနှိုင်းယှဉ်ရာတွင် သိသိသာသာ ကျဆင်းခဲ့သည်။ အောက်တိုဘာပထမပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၃** နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ဇွန်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၈၇ သန်း ဝင်ရောက်ခဲ့ပြီး ၂၀၂၁ ဇူလိုင်တွင်မှ ၅ ဒသမ ၃ သန်း ဝင်ရောက်ခဲ့သည့်အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ အနည်းငယ်ပြန်လည်တိုးတက်လာခဲ့သည်။ သို့သော် ၂၀၂၀ ပြည့်နှစ် ဇူလိုင်က အမေရိကန်ဒေါ်လာ ၆၄၁ ဒသမ ၈၀၂ သန်း ဝင်ရောက်ခဲ့သည့်အတွက် ကာလတူနှိုင်းယှဉ်ရာတွင် အဆ ၁၂၀ ကျော် ကျဆင်းသွားပါသည်။


ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၈)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နိုင်ငံအလိုက်ရင်းနှီးမြှုပ်နှံမှု

**၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဇူလိုင်အထိ ဖြစ်ပါသည်။**




၁၉၈၈-၁၉၈၉ ခုနှစ် ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ (ဇူလိုင်အထိ) ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၃ ဘီလီယံကျော်ရှိခဲ့သည်။ အောက်တိုဘာလထုတ် ဖော်ပြခဲ့သော **အလေးထားရမည့်အကြောင်းအချက်များ အမှတ်-၅၃** နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ် ဇူလိုင်တွင် တရုတ်နှင့် ဟောင်ကောင်တို့မှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်း ထပ်မံ ရင်းနှီးမြှုပ်နှံခဲ့သည်ကို တွေ့ရသည်။ တရုတ်က ရှိရင်းစွဲစီမံကိန်း၌ ထပ်မံရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး ဟောင်ကောင်က လုပ်ငန်းသစ်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။ ထိုနှစ်ခုမှလွဲ၍ ဒေသတွင်း အာဆီယံနိုင်ငံများနှင့် အခြားအင်အားကြီးနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုအသစ် ဝင်ရောက်ခြင်း မရှိခဲ့ပေ။


ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၈)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### အင်အားကြီးနိုင်ငံများနှင့် နိုင်ငံအုပ်စုများ၏ နှစ်အလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဇူလိုင်အထိ ဖြစ်ပါသည်။





၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇူလိုင်အထိ) မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံကျော် ရှိခဲ့သည့်အနက် အမေရိကန်ဒေါ်လာ ၄၉ ဘီလီယံကျော်သည် အင်အားကြီးနိုင်ငံများနှင့် နိုင်ငံအုပ်စုများ၏ ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါသည်။ အောက်တိုဘာပထမပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၃** တွင် ဖော်ပြခဲ့သည့်အတိုင်း ကြီးမားသောအပြောင်းအလဲ မရှိခဲ့ပေ။ ၂၀၂၁ ခုနှစ် ဇူလိုင်တွင်လည်း အမေရိကန်၊ ဗြိတိန်၊ ဂျပန်၊ အိန္ဒိယ၊ ဥရောပသမဂ္ဂ စသည့် အင်အားကြီး နိုင်ငံများနှင့် အာဆီယံ၏ ရင်းနှီးမြှုပ်နှံမှုများ အသစ်ဝင်ရောက်ခြင်း မရှိခဲ့ဘဲ တရုတ်နှင့် ဟောင်ကောင်တို့၏ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာငါးသန်းကျော်သာ အသစ်ဝင်ခဲ့သည်။ တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၃သိန်း ပမာဏရှိ ထပ်တိုးရင်းနှီးမြှုပ်နှံမှုနှင့် ဟောင်ကောင်မှ အမေရိကန်ဒေါ်လာ ၅သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီး ကုန်ထုတ်လုပ်ရေးကဏ္ဍသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၈)
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှု အချိုးအစား
**၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဇူလိုင်အထိ ဖြစ်ပါသည်။**




၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ (ဇူလိုင်အထိ) မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံး ပြုလုပ်ခဲ့သော ၁၀ နိုင်ငံတွင် စင်ကာပူနိုင်ငံက အများဆုံးဖြင့် ဆက်လက်ရပ်တည်နေဆဲ ဖြစ်သည်။ ၂၀၂၁ ဇူလိုင်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၃သန်းသာ ရှိခဲ့သဖြင့် အောက်တိုဘာပထမပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၃** နှင့် နှိုင်းယှဉ်ပါက အနည်းငယ် တိုးတက်ခဲ့သည်ဟု ဆိုနိုင်သည်။ သို့သော် ရင်းနှီးမြှုပ်နှံမှုအချိုးအစားအားဖြင့် အပြောင်းအလဲသိပ်မရှိခဲ့ဘဲ စင်ကာပူနိုင်ငံက ၂၆ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး တရုတ်နိုင်ငံက ၂၃ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ ထိုင်းနိုင်ငံ က ၁၂ ဒသမ ၆ ရာခိုင်နှုန်းဖြင့် တတိယ စသဖြင့် အများဆုံးရင်းနှီးမြှုပ်နှံထားသည်။


ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

11 November, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၈)
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏအား ကာလတူနှိုင်းယှဉ်ချက်

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာ-ဇူလိုင်) အား နှိုင်းယှဉ်ခြင်းဖြစ်သည်။




ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏကို ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာ-ဇူလိုင်) ကာလတူနှိုင်းယှဉ်ပါက ကုန်ထုတ်လုပ်ရေးကဏ္ဍမှလွဲ၍ အခြားကဏ္ဍများတွင် ကျဆင်းခဲ့သည်ကို တွေ့ရသည်။ သို့သော် စွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှာ ယခင်ဘဏ္ဍာနှစ်ကထက် ထက်ဝက်ကျော် ပိုများလာခဲ့သည်။ အောက်တိုဘာပထမပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၃** တွင် ဖော်ပြခဲ့သည်နှင့် နှိုင်းယှဉ်ပါက ထင်ရှားသော အပြောင်းအလဲများ မရှိခဲ့ဘဲ ၂၀၂၁ ဇူလိုင်အတွင်း ကုန်ထုတ်လုပ်ရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်း ဝင်ရောက်ခဲ့သည်မှလွဲ၍ အခြားကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုအသစ် လုံးဝဝင်ရောက်ခဲ့ခြင်း မရှိသည်ကိုတွေ့ရသည်။


ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၈)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### လအလိုက်ခွင့်ပြုထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ

၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဇူလိုင်အထိ ဖြစ်ပါသည်။




စစ်အာဏာသိမ်းပြီးနောက်ပိုင်း အတည်ပြုခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းအရေအတွက်မှာ ခုနစ်ခုသာ ရှိပါသည်။ အောက်တိုဘာပထမပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၃** နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ဇွန်တွင် ခွင့်ပြုခဲ့သောစီမံကိန်း လုံးဝမရှိခဲ့ရာမှ ၂၀၂၁ ဇူလိုင်တွင် အမေရိကန်ဒေါ်လာ ၅ သန်း တန်ဖိုးရှိ ဟောင်ကောင်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်ကို ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ဟောင်ကောင်၏ ရင်းနှီးမြှုပ်နှံမှုသည် ကုန်ထုတ်လုပ်ရေးကဏ္ဍသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။


ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၈)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### ကုမ္ပဏီများမှတ်ပုံတင်စာရင်း

**၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဇူလိုင်အထိ ဖြစ်ပါသည်။**




အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်သော ကုမ္ပဏီများ မှတ်ပုံတင်မှုသည် အာဏာသိမ်းပြီးနောက်ပိုင်း ဧပြီအထိ ခြောက်ဆမှ ခုနစ်ဆနီးပါး ကျဆင်းသွားခဲ့ပြီး မေတွင် ပြန်တက်ခဲ့သော်လည်း အာဏာမသိမ်းခင်အခြေအနေ နှင့် နှိုင်းယှဉ်ပါက သုံးဆကျော် လျော့နည်းနေဆဲဖြစ်သည်။ အောက်တိုဘာပထမပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၃** နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ဇူလိုင်တွင် ကုမ္ပဏီမှတ်ပုံတင်မှု ၄၃၃ ခုသာ ရှိခဲ့ပြီး ယခင်လကထက် ၃၃၂ ခု လျော့နည်းခဲ့သည်။ အာဏာမသိမ်းခင် သုံးလတာကာလအတွင်း ကုမ္ပဏီသစ်မှတ်ပုံတင်မှု ၅,၆၀၀ ကျော်ရှိခဲ့သော်လည်း အာဏာသိမ်းပြီးနောက်ပိုင်း ခြောက်လအတွင်း ကုမ္ပဏီသစ်မှတ်ပုံတင်မှု ၂,၄၀၀ ကျော်သာ ရှိခဲ့ပါသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

11 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၈)
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း ထွက်ခွာ၊ ရပ်နားထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ (၁)

၂၀၂၁ ခုနှစ် အောက်တိုဘာ ၃၁ရက်အထိ ရရှိထားသော စာရင်းဖြစ်သည်။

| စဉ် | ကုမ္ပဏီ / တဦးချင်း | ရင်းနှီးမြှုပ်နှံမှုတန်ဖိုး | အခြေအနေ | ရင်းနှီးမြှုပ်နှံသည့်နိုင်ငံ |
|---|---|---|---|---|
| ၁။ | **Amata Corporation** | အမေရိကန်ဒေါ်လာ ၁ ဘီလီယံ | ရပ်နားထား | ထိုင်း |
| ၂။ | **Électricité de France** | အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ | ရပ်နားထား | ပြင်သစ် |
| ၃။ | **Sembcorp** | အမေရိကန်ဒေါ်လာ သန်း ၂၃၀ | ရပ်နားထား | စင်ကာပူ |
| ၄။ | **Toyota** | အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၆သန်း | ရပ်နားထား | ဂျပန် |
| ၅။ | **Telenor** | အမေရိကန်ဒေါ်လာ သန်း ၆၀၀ တန်ကို ၁၀၅ သန်းဖြင့် ရောင်းချ | ရောင်းချ | နော်ဝေ |
| ၆။ | **Petronas** | - | ပိတ်သိမ်း | မလေးရှား |
| ၇။ | **Hong Kong & Shanghai Hotels** | အမေရိကန် ဒေါ်လာ သန်း ၁၃၀ | ရပ်နားထား | ဟောင်ကောင် |
| ၈။ | **Myanmar Metals** | ရှယ်ယာ ၅၁ရာခိုင်နှုန်းကို အမေရိကန်ဒေါ်လာ သန်း ၃၀ ဖြင့် ရောင်းချ | ရောင်းချ / ထွက်ခွာ | သြစတေးလျ |
| ၉။ | **Woodside** | - | ရပ်ဆိုင်း / ဖြုတ်သိမ်း | သြစတေးလျ |
| ၁၀။ | **AEON** | - | ရပ်ဆိုင်း | ဂျပန် |

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

11 November, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၈)
စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း ထွက်ခွာ၊ ရပ်နားထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ (၂)
၂၀၂၁ ခုနှစ် အောက်တိုဘာ ၃၁ရက်အထိ ရရှိထားသော စာရင်းဖြစ်သည်။

| စဉ် | ကုမ္ပဏီ / တဦးချင်း | ရင်းနှီးမြှုပ်နှံမှုတန်ဖိုး | အခြေအနေ | ရင်းနှီးမြှုပ်နှံသည့်နိုင်ငံ |
|---|---|---|---|---|
| ၁၁။ | Kirin Holdings Co., Ltd. | - | ဦးပိုင်လီမိတက်နှင့်လက်တွဲဖြုတ် | ဂျပန် |
| ၁၂။ | Lim Kaling | - | ဦးပိုင်လီမိတက်နှင့်လက်တွဲဖြုတ် | စင်ကာပူ |
| ၁၃။ | KOI Bubble Tea Shop | - | ပိတ်သိမ်း | ထိုင်ဝမ် |
| ၁၄။ | Auntie Anne | - | ပိတ်သိမ်း | အမေရိကန် |
| ၁၅။ | Bridgestone | - | ရပ်ဆိုင်း | ဂျပန် |
| ၁၆။ | Metro | - | ရပ်ဆိုင်း | ဂျာမနီ |
| ၁၇။ | British American Tobacco Myanmar Ltd | - | ရပ်ဆိုင်း / ထွက်ခွာ | အင်္ဂလန် |
| ၁၈။ | Kempinski Hotel | - | ရပ်ဆိုင်း / ထွက်ခွာ | ဂျာမနီ |
| ၁၉။ | Adani Groups | အမေရိကန်ဒေါ်လာ သန်း ၂၉၀ ကျော် | ရပ်ဆိုင်း / ထွက်ခွာ | အိန္ဒိယ |
| ၂၀။ | Pandaw River Cruises | - | ရပ်ဆိုင်း / ထွက်ခွာ | စကော့တလန် |

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။


11 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၈)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### ■ တရုတ်၏ ရင်းနှီးမြှုပ်နှံမှု

၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဇူလိုင်အထိ ဖြစ်ပါသည်။




အာဏာသိမ်းပြီးနောက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်များနှင့် အခြားအင်အားကြီးနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာ ကျဆင်းသွားသော်လည်း တရုတ်ရင်းနှီးမြှုပ်နှံမှုများက ရပ်တန့်မသွားဘဲ ဆက်ရှိနေခဲ့သည်။ အောက်တိုဘာပထမပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၃** နှင့် နှိုင်းယှဉ်ပါက ဇူလိုင်တွင် အမေရိကန်ဒေါ်လာသုံးသိန်း ပမာဏ ထပ်တိုးရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့သည်။ သို့သော် ဇွန်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၈၇ သန်းကျော် ထပ်တိုးရင်းနှီးမြှုပ်နှံခဲ့သော်လည်း တရုတ်၏ ရင်းနှီးမြှုပ်နှံမှုသည် ဇူလိုင်တွင် သိသိသာသာ ကျဆင်းခဲ့ပါသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန


11 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၈)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### ခွင့်ပြုခဲ့သော တရုတ်ရင်းနှီးမြှုပ်နှံမှု အရေအတွက်

၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဇူလိုင်အထိ ဖြစ်ပါသည်။




တရုတ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရေအတွက်ကို ကြည့်ပါက ၂၀၂၀ အောက်တိုဘာမှ ၂၀၂၁ ဇူလိုင်အထိ ကြီးမားသည့် အပြောင်းအလဲမျိုး မတွေ့ရဘဲ လုပ်ငန်းအရေအတွက် ငါးခုအောက်သာ ရှိသည်ကို တွေ့ရပါသည်။ စစ်အာဏာသိမ်းပြီးနောက် ဖေဖော်ဝါရီ၊ ဧပြီ၊ ဇွန်နှင့် ဇူလိုင်များတွင် လုပ်ငန်းအသစ် ဝင်ရောက်မှုမရှိဘဲ မတ်တွင် တခု၊ မေတွင် နှစ်ခု စုစုပေါင်း သုံးခုသာ ဝင်ရောက်ခဲ့သည်။


ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၈)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နှစ်အလိုက် တရုတ်၏ ရင်းနှီးမြှုပ်နှံမှုပမာဏ

**၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဇူလိုင်အထိ ဖြစ်ပါသည်။**




၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ ဘဏ္ဍာနှစ်အလိုက် တရုတ်ရင်းနှီးမြှုပ်နှံမှုများကို နှိုင်းယှဉ်လေ့လာကြည့်ရာတွင် နိုင်ငံရေးဖြစ်စဉ်များ အပေါ်မူတည်ပြီး အတက်အကျရှိခဲ့သည်ကို တွေ့ရသည်။ အောက်တိုဘာပထမပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၃** တွင် ဖော်ပြခဲ့သည့်အတိုင်း စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင်လည်း တရုတ်ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဝင်ရောက်နေဆဲဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇူလိုင်အထိ) အမေရိကန်ဒေါ်လာ ၁၇၂ ဒသမ ၄၈၄ သန်းကျော် ရင်းနှီးမြှုပ်နှံထားသည်။ ထိုပမာဏသည် ဆယ်နှစ်တာကာလအတွင်း ဒုတိယမြောက် အနိမ့်ဆုံးပမာဏသို့ ရောက်ရှိနေခြင်း ဖြစ်သည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန